# နယ်စပ်ရေးရာဝန်ကြီးဌာန
# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)
# သင်တန်းသားလျှောက်လွှာပုံစံ

တစ်လအတွင်း
ရိုက်ထားသည့်
ဓါတ်ပုံ

၁။ အမည် …………………………………………………………………………

၂။ မွေးသက္ကရာဇ် ………………………………………………………………………

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ……………………………………………………

၄။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ ……………………………………………………

၅။ ပညာအရည်အချင်း ………………………………………………………………

၆။ ကျောင်းမှ ထွက်ခဲ့ရလျှင် ၊ ထွက်ခဲ့ရသည့် ………………………………………………
အကြောင်းအရင်းကိုဖော်ပြပါ ……………………………………………………………

၇။ မွေးဖွားရာဒေသ ……………………………………………………………………

၈။ အိမ်ထောင်ရှိ/မရှိ ……………………………………………………………………

၉။ လက်ရှိနေရပ်လိပ်စာ ………………………………………………………………

၁၀။ အမြဲတမ်းနေရပ်လိပ်စာ ……………………………………………………………

၁၁။ ဆက်သွယ်ရန်ဖုန်းနံပါတ် ……………………………………………………………

၁၂။ အဘ (သို့) အမိအမည်၊ အလုပ်အကိုင်နှင့် ……………………………………………
နေရပ်လိပ်စာ၊ဖုန်းနံပါတ်…………………………………………………………………

၁၃။ အဘ (သို့) အမိအမည်၊ အလုပ်အကိုင်နှင့် ……………………………………………
နေရပ်လိပ်စာ၊ဖုန်းနံပါတ်…………………………………………………………………

၁၄။ သင်တန်းကိုလျှောက်ထားသည့် ရည်ရွယ်ချက် …………………………………………

၁၅။ အနာဂတ်ရည်မှန်းချက် ………………………………………………………………

၁၆။ ရက်ရှည်နေမကောင်းဖြစ်ခဲ့ဖူးရှိ/မရှိ ………………………………………………

၁၇။ လျှောက်ထားသည့် သင်တန်းအမျိုးအစား………………………………………………

၁၈။ ညီအစ်ကို၊ မောင်နှမများ

| စဉ် | အမည် | တော်စပ်ပုံ | အလုပ်အကိုင် | ဖုန်းနံပါတ်/ လိပ်စာ |
|---|---|---|---|---|
| (က)………… | | | | |
| (ခ)………… | | | | |
| (ဂ) ………… | | | | |
| (ဃ)………… | | | | |

၁၉။ ကိုယ်တိုင်ဝန်ခံချက်

(က) အထက်ဖော်ပြပါ အချက်လက်များ အားလုံးမှန်ကန်ပါသည်။

(ခ) သင်တန်းကျောင်းမှ ချမှတ်သည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာပါမည် ၊ သင်တန်းကာလ ပြီးဆုံးသည် အထိ တက်ရောက်ပါမည်ဟု ကတိပြုပါသည်။

လက်မှတ် ၊…………………………………………

နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် ၊…………………………………………

လျှောက်လွှာတင်သည့်ရက်စွဲ ၊…………………………………………

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)**

**ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ မော်တော်ယာဉ်/စက်ပြင်သင်တန်းနှင့် ဂဟေသင်တန်းများအတွက် သင်တန်းသား လျှောက်လွှာခေါ်ယူခြင်း**

## သင်တန်းကျောင်းနောက်ခံ

- အက်စ်ဘီသည် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ လမ်းညွှန်ကွပ်ကဲမှုဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဘားအံစက်မှုဇုန်တွင် တည်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း စီမံကိန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန် ပညာသင်ကြားခွင့် မရသော ဒေသခံလူငယ်များအား နည်းပညာများ ပံ့ပိုးပေးရန်နှင့် ၎င်းနည်းပညာရပ်များကိုအသုံးပြု၍ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ကာ ဒေသတွင်း စီးပွားရေးနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဤစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- ဘီအေရျေသည် ယခု စီမံကိန်းအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့မှ စတင်၍ ကနဦး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းနောက် ဤစီမံကိန်းအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ဘီအေရျေထံမှ အက်စ်ဘီ ကလွှဲပြောင်းရယူခဲ့ပါသည်။
- သင်တန်းတွင် စာတွေ့နှင့် လက်တွေ့ နှစ်ရပ်လုံးပါဝင်ပါမည်။
- သင်တန်းကာလအတွင်း သင်တန်းသားများအတွက် နေထိုင်ခြင်းနှင့်စားစရိတ်၊ စာရွက်စာတမ်းများကို သင်တန်းကျောင်းမှ အခမဲ့ ထောက်ပံ့ ပေးမည်ဖြစ်ပါသည်။

## လျှောက်လွှာခေါ်ယူခြင်း

ယခုအခါ သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချမည့် အောက်ပါ သင်တန်းများအတွက် သင်တန်းသား လျှောက်လွှာ ခေါ်ယူလျက်ရှိပါသည်။

| စဉ် | သင်တန်း အမျိုးအစား | သင်တန်းကာလ | ပညာ အရည်အချင်း | သင်ကြားမည့်ဘာသာရပ်များ |
|---|---|---|---|---|
| ၁ | ဆောက်လုပ်ရေး သင်တန်း အမှတ်စဉ် (၁၉) | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်မှ ၂၀၂၇ ခုနှစ် ဧပြီလ (၂) ရက်နေ့အထိ | (၄) တန်းအောင်နှင့် အထက်ရှိသူ | လက်သမား၊ ပန်းရံ၊ သံချည်သံကွေး နှင့် ပိုက်ပြင်၊ ပိုက်ဆက်ခြင်း၊ အဆောက်အဦဆောက်လုပ်မှု ကုန်ကျပစ္စည်းများတွက်ချက်ခြင်း။ |
| ၂ | လျှပ်စစ်သင်တန်း အပတ်စဉ် (၁၉) | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်မှ ၂၀၂၇ ခုနှစ် ဧပြီလ (၂) ရက်နေ့အထိ | (၈) တန်းအောင်နှင့် အထက်ရှိသူ | အိမ်တွင်း လျှပ်စစ်ဝိုင်ယာ သွယ်တန်း ခြင်း၊ လေအေးပေးစက်နှင့် နေရောင်ခြည် စွမ်းအင်သုံး ဆိုလာ တပ်ဆင်ပြုပြင်ခြင်း။ |
| ၃ | မော်တော်ယာဉ် စက်ပြင်သင်တန်း အမှတ်စဉ် (၁၈) | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်မှ ၂၀၂၇ ခုနှစ် ဧပြီလ (၂) ရက်နေ့အထိ | (၈) တန်းအောင်နှင့် အထက်ရှိသူ | ဓါတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ပြုပြင်ခြင်း၊ ကားအောက်ပိုင်း( suspension)၊ EFI၊ ဘရိတ် စနစ်ပြုပြင်ခြင်း၊ လျှပ်စစ် ဝိုင်ယာ သွယ်တန်းခြင်း။ |
| ၄ | ဂဟေသင်တန်း အပတ်စဉ် (၁၇) | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်မှ ၂၀၂၇ ခုနှစ် ဧပြီလ (၂) ရက်နေ့အထိ | (၄) တန်းအောင်နှင့် အထက်ရှိသူ | Arc ဂဟေဆက်ခြင်း ( 1G, 2G, 3G, 4G)၊ Gas ဂဟေဆက်ခြင်း ၊ Steel ဂဟေ ဆက်ခြင်း၊ $CO_2$ ဂဟေဆက် ခြင်း၊ Cutting ၊ Metal processing ၊ Drilling များကိုပါဝင် သင်ကြား ခြင်း။ |

**<u>လျှောက်ထားသူသည်</u>**

၁။ သင်တန်းသားများသည် အသက် (၁၈နှစ် မှ ၃၅နှစ်) အတွင်းရှိသူ၊ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

၂။ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သော နည်းပညာရပ်များကို အသုံးပြု၍ အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်ရန် စိတ်အားထက်သန်သူဖြစ်ရမည်။

၃။ သင်တန်းကျောင်းမှ သင်တန်းသားများ လိုက်နာရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း ဘောင်အတွင်းတွင် သင်တန်းကာလပြီးဆုံးသည်အထိ သင်တန်းကိုတက်ရောက်နိုင်သူ ဖြစ်ရမည်။

၄။ သင်တန်းသားများသည် သင်တန်းကာလအတွင်း ကျောင်းအိပ်ကျောင်းစားနေနိုင်သူဖြစ်ရမည်။

၅။ သင်တန်းသားများသည် မိမိနေထိုင်ရာဒေသမှ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ) သို့ ကိုယ်ပိုင် အစီအစဉ်ဖြင့် သွားလာနိုင်သူဖြစ်ရမည်။

၆။ သင်တန်း အမှန်တကယ် တက်ရောက်နိုင်မှုအခြေအနေအား လူတွေ့မေးမြန်းနိုင်ရေးအတွက် အောက်ပါ နေရာ (ဘားအံမြို့) သို့ဖော်ပြပါ နေ့ရက်၊ အချိန်တို့တွင် လာရောက်ရန်ဖြစ်ပါသည်။

**ပဏာမ ရွေးချယ်ခံရသော လျှောက်ထားသူများကိုသာ လူတွေ့မေးမြန်းရန် ဆက်သွယ်ခေါ်ယူမည် ဖြစ်ပါသည်။**

| **စဥ်** | **လူတွေ့မေးမြန်းမည့် နေရာ** | **ဘားအံ** |
|---|---|---|
| **၁** | **လိပ်စာ** | **နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာ သင်တန်းကျောင်း ဘားအံ-လှိုင်းဘွဲလမ်း၊ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီရုံးအနီး၊ ဘားအံစက်မှုဇုန်၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။** |
| **၂** | **ဆက်သွယ်ရန် ဖုန်းနံပါတ်များ** | **၀၉ ၂၅၅၈၁၂၄၇၅ ၀၉ ၄၄၂၅၈၁၂၂၈** |
| **၃** | **ရက်စွဲ** | **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့ အထိ** |
| **၄** | **အချိန် (နံနက်ပိုင်း)** | **၀၉း၀၀မှ ၁၂း၀၀နာရီထိ** |
| | **(နေ့လည်ပိုင်း)** | **၁၃း၀၀မှ ၁၇း၀၀နာရီထိ** |

**<u>မှတ်ချက်</u> -** နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် Sustainabridge (SB) အဖွဲ့များမှ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသော သင်တန်းသားရွေးချယ်မှုကော်မတီသည် ကျား/မ ၊ လူမျိုးကို အခြေမခံဘဲ စိတ်အားထက်သန်သည့် လျှောက်ထားသူများကို ဦးစားပေးရွေးချယ်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး သင်တန်းတက်ရောက်ရန် စိတ်ဝင်စားသူများသည်၊ သူ/ သူမ၏ လျှောက်လွှာများအား ပူးတွဲပါ လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး **နိုင်ငံသားမှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ**တို့ကို ပူးတွဲပြီး အောက်ဖော်ပြပါ လိပ်စာသို့ **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့ နောက်ဆုံးထားပြီး** လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာပေးပို့ရမည့်ရုံးနှင့်လိပ်စာ

ရန်ကုန်မြို့

Sustainabridge ရန်ကုန်ရုံး

အမှတ်(၉)၊ ဦးလူနီလမ်း၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၄၄၀၆၉၂၂၅၉

(ရုံးချိန်အတွင်းသာဆက်သွယ်ရန်)

Email: sustainabridge.ygn@gmail.com

ဘားအံမြို့

၁။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ

စက်မှုလက်မှုပညာသင်တန်းကျောင်း

ဘားအံ-လှိုင်းဘွဲလမ်း၊

စက်မှုဇုန်ကြီးကြပ်မှု ကောမတီရုံးအနီး၊

ဘားအံစက်မှုဇုန်၊ ဘားအံမြို့နယ်၊

ကရင်ပြည်နယ်။

၀၉ ၂၅၅၈၁၂၄၇၅

၀၉ ၄၄၂၅၈၁၂၂၈

Email: sustainabridge.hpn@gmail.com

၂။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ

ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ ဘားအံမြို့

ကရင်ပြည်နယ်။

ဖုန်း- ၀၉ ၄၄၉၀၀၀၄၅၇၊ ၀၉ ၂၅၅၉၅၂၀၉၀

မှတ်ချက် ။ ။လျှောက်ထားသူသည် လျှောက်လွှာပုံစံကို မြန်မာဘာသာဖြင့် ဖြည့်စွက်ပေးရမည်။ လျှောက်လွှာပုံစံကို ရယူရန်ခက်ခဲမှုရှိပါက လက်ရေးမူ မိတ္တူလျှောက်လွှာပုံစံဖြင့်လည်း ဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

## သင်တန်းသားများရရှိမည့် သင်ရိုးညွှန်းတမ်း နည်းပညာများ

**ဆောက်လုပ်ရေး သင်တန်း**

စာတွေ့သင်ကြားမှု ။ ။ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲခြင်း (5S)၊ အခြေခံဆောက်လုပ်ရေးဗဟုသုတနှင့်အရေးကြီးသော သိမှတ်ဖွယ်ရာများ၊ အဆောက်အဦး ကုန်ကျစရိတ် တွက်ချက်မှု သင်ခန်းစာများ၊ အဆောက်အဦးတစ်ခုလုံး၏ အောက်ခြေအုတ်မြစ်မှစ၍ အမိုးပိုင်းအထိ လိုအပ်သော ပစ္စည်း ကုန်ကျစရိတ်၊ အလုပ်သမားလိုအပ်ချက် စသည့် တွက်ချက်မှုများကို ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြား ပို့ချလျက်ရှိသည်။

လက်တွေ့ကျွမ်းကျင်မှု။ ။ အဆောက်အဦး ပန္နက်ရိုက်ခြင်းနှင့်ဆောက်လုပ်ခြင်း(လက်သမား၊ ပန်းရံ၊ သံချည်သံကွေးအတတ်ပညာ)၊ ကြွေပြားကပ်ခြင်း၊ မျက်နှာကြက် တပ်ဆင်ခြင်း၊ ရေပိုက်ဆင်ခြင်း/ပြုပြင်ထိန်းသိမ်းခြင်း၊ ပရိဘောဂတီထွင်ဖန်တီးခြင်း စသည်တို့ ပါဝင်သည်။

**လျှပ်စစ်သင်တန်း**

စာတွေ့သင်ကြားမှု။ ။ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲခြင်း (5S)၊ အခြေခံလျှပ်စစ်ဂါယာနှင့်လျှပ်စစ်ကြိုးသွယ်တန်းခြင်း နည်းစနစ်များ စသည်များကို သင်ကြားပို့ချလျက်ရှိသည်။

လက်တွေ့ကျွမ်းကျင်မှု။ ။ အိမ်တွင်း လျှပ်စစ်တပ်ဆင်ခြင်း နှင့်ပြင်ဆင်ခြင်း၊ လျှပ်စစ်ကြိုးအကာအကွယ်များတီထွင်ခြင်း၊ လေအေးပေးစက်နှင့်ဆိုလာတပ်ဆင်ခြင်း စသည်များကိုသင်ကြား ပို့ချလျက်ရှိသည်။

**မော်တော်ယာဉ်/စက်ပြင်သင်တန်း**

စာတွေ့သင်ကြားမှု။ ။ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲခြင်း (5S)၊ မော်တော်ယာဉ်/စက်ပြင်တွင် အသုံးပြုသော ပစ္စည်းကိရိယာ နှင့် ကားလျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများသင်ကြားခြင်း၊ ကားကိုယ်ထည်၊ ကားတာယာနှင့်အခြားအစိတ်အပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း စသည်တို့ကို သင်ကြားပို့ချလျက်ရှိသည်။

လက်တွေ့သင်ကြားမှု။ ။ အခြေခံကားလျှပ်စစ်ပိုင်းဆိုင်ရာ၊ ကားအောက်ပိုင်း ( Suspension)၊ ကားလက်ကိုင်ဘီးစနစ်ပြုပြင်ထိန်းသိမ်းခြင်း ပါဝင်သည်။

**ဂဟေသင်တန်း**

စာတွေ့သင်ကြားခြင်း။ ။ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲခြင်း (5S)၊ ARC ဂဟေ ဆော်ခြင်း ၊ Gas ဖြင့်ဂဟေ ဆော်ခြင်း၊ဖြတ်တောက်ခြင်း များကို သင်ကြား ပို့ချပေးလျက်ရှိသည်။

လက်တွေ့ကျွမ်းကျင်မှု။ ။ ARC နှင့် Gas တို့ဖြင့်ဂဟေဆော်ခြင်း၊ ဖြတ်တောက်ခြင်းဖြင့် အမိုး၊ စားပွဲ၊ ထိုင်ခုံ၊ ပြတင်းလိုက်ကာဘောင် ပြုလုပ်ခြင်းများ စသည်တို့ ပါဝင်သည်။

## သင်တန်းပြီးဆုံးပြီးအလုပ်အကိုင်ရရှိမှု (၇၈% သောသင်တန်းသားများအလုပ်ရရှိ)

| ဘာသာရပ် | သင်တန်းသား ဦး ရေ | သင်တန်းပြီးဆုံးသော ကျောင်းသားဦးရေ | အလုပ်အကိုင် ရရှိသူဦးရေ | အလုပ်အကိုင် ရရှိမှု ရာခိုင်နှုန်း | အလုပ်အကိုင်ရရှိသောလုပ်ငန်းနယ်ပယ် |
|---|---|---|---|---|---|
| ဆောက်လုပ်ရေး အပတ်စဉ် ( ၁-၁၇) | ၂၈၅ | ၂၆၀ | ၁၉၉ | ၇၆% | ဆောက်လုပ်ရေးလုပ်ငန်းခွင် |
| လျှပ်စစ် အပတ်စဉ် (၁-၁၇) | ၃၃၇ | ၃၂၅ | ၂၆၉ | ၈၃% | လျှပ်စစ်လုပ်ငန်းခွင်၊လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ ဂျပန်ကုမ္ပဏီ များ |
| မော်တော်ယာဉ်/စက်ပြင် အပတ်စဉ် (၁-၁၆) | ၄၄၄ | ၄၂၆ | ၃၃၄ | ၇၈% | မော်တော်ယဉ်စက်ပြင်လုပ်ငန်းခွင်နှင့်ဂျပန် မော်တော်ယာဉ် ကုမ္ပဏီ |
| ဂဟေ အပတ်စဉ် (၁–၁၅) | ၂၈၀ | ၂၇၀ | ၂၀၅ | ၇၆% | ဂဟေလုပ်ငန်းခွင်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် ဂျပန်ကုမ္ပဏီများ |
| စုစုပေါင်း | **၁၃၄၆** | **၁၂၈၁** | **၁၀၀၇** | **၇၈%** | **မေလ ၂၀၂၆ ရက်နေ့အထိ** |

## Office location: Sustainabridge

**Tokyo office**

Address : #610, 2-31-31, Minami Karasuyama, Setagaya ward,Tokyo City, Japan

Website: https://English.sustaina-bridge.org

**ရန်ကုန်ရုံးလိပ်စာ**

အမှတ်(၉) ဦးလူနီလမ်း၊ကြီးမြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း: ၀၉-၄၄၀၆၉၂၂၅၉ (ရုံးချိန်အတွင်းသာဆက်ရန်)

အီးမေးလိပ်စာ-sustainabridge.ygn@gmail.com

**ဘားအံရုံးလိပ်စာ**

စက်မှုဇုံကြီးကြပ်ရေးရုံးနှင့် Precision Auto Engineering Co.Ltd လမ်းကြား၊ ဘားအံ-လှိုင်းဘွဲ့လမ်းမကြီး၊ ဘားအံစက်မှုဇုံ။

ဖုန်း : ၀၉-၂၅၅၈၁၂၄၇၅

အီးမေးလိပ်စာ-sustainabridge.hpn@gmail.com

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ

# စက်မှုလက်မှုပညာ သင်တန်းကျောင်း

## Sustainabridge

General incorporated Association






# နည်းပညာ၊ သက်မွေးသင်တန်းကျောင်းမှ ပြင်းပြသောဆန္ဒ ဖြင့် ဆင်းရဲချမ်းသာကွာဟမှုနှင့် မျှတမှုများကို လျော့ချပြီး

# နည်းပညာသင်တန်းကျောင်း(ဘားအံ)



## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း



နည်းပညာသင်တန်းကျောင်းကို ၂၀၁၄ တွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်NGO တို့ဖြင့်ပူးပေါင်းတည်ထောင်ခဲ့သည်။ Sustainabridge အဖွဲ့အစည်းမှ သင်တန်းကျောင်းကို ၂၀၂၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ စက်မှုလက်မှု နည်းပညာသင်တန်းကျောင်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေ သင်တန်းနှင့် မော်တော်ယဥ် စက်ပြင်သင်တန်းများကို ပညာရေး လက်လှမ်း မမှီသော လူငယ်များအတွက်ကို ဦးစားပေးဖွင့်လှစ်ထားသည်။ အပတ်စဥ်တိုင်းကို သင်တန်းကာလ ၅ လ ( နာရီ ၆၀၀) ဖြင့် တစ်နှစ်လျှင် (၂) ကြိမ် ဖွင့်လှစ်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာဒေသခံတိုင်းရင်းသားလူမျိုးများကိုယှဥ်ပြိုင်နိုင်မှုစွမ်းရည်ရှိပြီး ဘဝရှင်သန်ရပ်တည်နိုင် စေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည်ဒေသအတွင်း ရေရှည်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်သော စီးပွားရေးရရှိပြီးဆင်းရဲချမ်းသာ ကွာဟမှု လျော့နည်းစေရန် ကူညီပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ပါသည်။

## ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ဂဟေနှင့် မော်တော်ယာဥ်/စက်ပြင်



ဆောက်လုပ်ရေး



ဂဟေ



လျှပ်စစ်



မော်တော်ယာဥ်/စက်ပြင်

## သင်ကြားပို့ချပေးနေသောဆရာများ

ဆောက်လုပ်ရေးနည်းပြများ : ဦးနိုင်ထူးအောင်၊ လက်ထောက်နည်းပြ ၁ ဦး နှင့် ဆရာအကူ ၁ ဦး

လျှပ်စစ်နည်းပြများ : ဦးကျော်ဇံဝေ၊ လက်ထောက်နည်းပြ ၂ဦး နှင့် ဆရာအကူ ၁ ဦး

ဂဟေနည်းပြများ : ဦးမောင်ဌေး ၊ လက်ထောက်နည်းပြ ၂ဦး နှင့် ဆရာအကူ ၂ ဦး

မော်တော်ယဥ် စက်ပြင်နည်းပြများ : ဦးမာန်ဟုန်၊ လက်ထောက်နည်းပြ

၃ဦး

သင်တန်းဆရာပေါင်း : ၁၆ဦး ; ရုံးစီမံခန့်ခွဲရေးဝန်ထမ်း : ၆ဦး



ဦးနိုင်ထူးအောင်



ဦးမောင်ဌေး



ဦးမာန်ဟုန်



ဦးကျော်ဇံဝေ

## သင်ယူမှုပတ်ဝန်းကျင်

သင်တန်းသားများသည် ၅ လ ကာလကြာ သင်တန်းကျောင်း၏ သင်တန်းသားများ အိပ်ဆောင်တွင် ကြိုးစားသင်ယူကြရသည်။အိပ်ယာထပြီးနောက် သင်တန်းသားများသည် တန်းစီစစ်ဆေးခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ မနက်စာစားသုံးခြင်း၊ မနက်ပိုင်းတွင်စာတွေ့သင်ကြားခြင်းကို စာသင်ခန်း၌ လေ့လာသင်ယူ၍၊ ညနေပိုင်းတွင် လက်တွေ့လေ့လာသင်ယူမှုများ ပြုလုပ်ကြရသည်။

သင်တန်းကျောင်းမှ သင်တန်းသားများ အတွက်နေ့စဉ်တစ်ကိုယ်ရေသုံး ပစ္စည်းများကို ပံ့ပိုးပေးခြင်း၊ သင်တန်းသားများကောင်းမွန်ချောမွေ့စွာသင်ယူနိုင်ရန်အတွက်သင်ယူမှုပတ်ဝန်းကျင် ကောင်းများကိုလည်း ဖန်တီးပေးလျက်ရှိသည်။ ထို့အပြင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကို တစ်နှစ်လျှင် ၃လ မှ ၆လ အထိ လာရောက်ပို့ချပေးရန် စီစဉ်ထားရှိသည်။ အထူး သင်ယူမှုများ အနေဖြင့် သင်တန်းသားများ အသင်းအဖွဲ့ဖြင့် လုပ်ကိုင်တတ်ရန် အားကစားပြိုင်ပွဲ များကျင်းပ ပေးခြင်း၊ အထွေထွေဗဟုသုတများနှင့် ဘဝသိမြင်မှု ဆိုင်ရာကျွမ်းကျင်မှုများလည်း စနေနေ့တွင် အထူးသင်တန်းများပို့ချပေးလျက်ရှိသည်။ သင်တန်းပြီးဆုံးပြီးနောက်၊ သင်တန်းသားများသည် သင်တန်းမှ သင်ယူရရှိသော ဗဟုသုတ၊ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုများကို အသုံးချပြီး အလုပ်အကိုင် ရရှိရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်း၏ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်မားလှပြီး ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏လမ်းညွှန်ချက်များအရထည့်သွင်း၍ အစိုးရ၏ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများ၊ သင်ခန်းစာများ (စာတွေ့ နှင့် လက်တွေ့ စွမ်းဆောင်ရည်) နှင့် စာမေးပွဲများကိုလည်း သင်ခန်းစာနှင့် အညီကျင်းပပေးလျက်ရှိသည်။ သင်တန်းသားများသည် သတ်မှတ်ထားသည့် သင်တန်းရက်ပြည့်မှီ၍ စာမေးပွဲအောင်မြင်မှသာ သင်တန်းပြီးဆုံးမည်ဖြစ်ပါသည်။ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ သင်တန်းသားများအား သင်တန်းပြီးဆုံးကြောင်း လက်မှတ်များကိုပေးအပ် ချီးမြှင့်လျက်ရှိသည်။



အစားအသောက်များကိုလည်းအခမဲ့ပံ့ပိုးပေးသည်။